**"အစားအသောက်ဘေးအန္တရာယ်ဖြစ်နိုင်ချေ အခြေပြုစစ်ဆေးခြင်းနှင့် ဆိုင်သော အသိပညာမြှင့်တင်ရေး သင်တန်းပို့ချခြင်း" တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခဒေါက်တာခင်ဇော် မြွက်ကြားမည့် မိန့်ခွန်း**

၂၉-၇-၂၀၁၉ (တနင်္လာနေ့) **Amara Hotel, Nay Pyi Taw**

အားလုံးပဲ မင်္ဂလာနံနက်ခင်းပါ။

ယနေ့ကျင်းပြုလုပ်တဲ့ အစားအသောက်ဘေးအန္တရာယ်ဖြစ်နိုင်ချေ အခြေပြုစစ်ဆေးခြင်းနှင့်ဆိုင်သော အသိပညာမြှင့်တင်ရေးသင်တန်းနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြတဲ့ WHO representative to Myanmar နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ နှင့်သင်တန်းတက်ရောက်လာသော သင်တန်းသား/သူ များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပါစေလို့ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သပါတယ်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် အများ ပြည်သူများစားသုံးတဲ့ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် အရည်အသွေးပြည့်မီရေးတို့ကို အစဉ်အမြဲ ကြိုးကြပ်ဆောင်ရွက် လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်တွင်းအစားအသောက်

ထုတ်လုပ်တဲ့ လုပ်ငန်းများအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)၊ ကောင်းမွန်သော သန့်ရှင်းမှုကျင့်စဉ် (GHP)တို့နှင့်အညီစိစစ်၍ အစားအသောက်ထုတ်လုပ်ခွင့် အသိအမှတ်ပြု ထောက်ခံချက်များ ထုတ်ပေးလျက်ရှိပါတယ်။ ယခုလက်ရှိမှာ အစားအသောက်ဌာနခွဲ အနေဖြင့် သမရိုးကျ စက်ရုံကွင်းဆင်းစစ်ဆေးခြင်းနည်းလမ်းများကို အသုံးပြုလျက်ရှိပါတယ်။ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နဲ့အညီ နိုင်ငံတကာတွင် အသုံးပြုနေသော ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှုနည်းအရ ကွင်းဆင်းစစ်ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုကောင်းမွန် သင့်လျော်မှုရှိလာနိုင်ပါတယ်။ ပြည်ပမှ တင်သွင်းလာတဲ့ အစားအသောက်တွေကိုလည်း သွင်းကုန်ထောက်ခံချက် (IR) နှင့် သွင်းကုန်ကျန်းမာရေးထောက်ခံချက် ထုတ်ပေးပြီး တင်သွင်းရောင်းချခွင့်ပြုလျက်ရှိတယ်။ ဒ့ါအပြင် ဈေးကွက်တင်ပြီး အစားအသောက်များအား စစ်ဆေးခြင်းကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များတွင် လစဉ်ပုံမှန် ဈေးကွက်ထောက်လှမ်း၍ နမူနာကောက်ယူ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းထုတ်လုပ်သော အစားအသောက်များတွင် အစားအသောက်ကွင်းဆက်တစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ဘေးအန္တရာယ်ဖြစ်နိုင်ချေ အဆင့်အမြင့်ဆုံး အစားအသောက်များကို တိကျသေချာသော သတ်မှတ်ချက်များနဲ့ နှိုင်းယှဉ်ပြီး

ရွေးချယ်သတ်မှတ်ရန်နှင့် ပြည်ပမှ တင်သွင်းသော အစားအသောက်များကို ဘေးအန္တရာယ်ဖြစ်နိုင်ချေအဆင့်အလိုက် ခွဲခြားသတ်မှတ်ရန် ဆောက်ရွက်လျက်ရှိပါတယ်။ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ စားသုံးသူများ အစားအသောက်ဖူလုံရန် (Food Security) သာမက လုံခြုံစိတ်ချရသော (Food Safety) အစားအသောက်များအား စားသုံးနိုင်ရန်အတွက် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများကို သက်ဆိုင်ရာနှီးနွှယ်ဌာန/အဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီပူးပေါင်း၍ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေပါတယ်။

ယခုအခါ အစားအသောက်ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းစဉ်များရဲ့ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရန်နဲ့ ပိုမိုထိရောက် ကျယ်ပြန့်အောင် ဆောင်ရွက်နိုင်ရန်အတွက် အစားအသောက်စစ်ဆေးရေးမှူးများ၏ အရည်အသွေး တိုးတက်မှုရှိစေရန်၊ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် အသိပညာဗဟုသုတပြည့်စုံစွာနဲ့ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ပံ့ပိုးမှုဖြင့် သင်တန်းပေး ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ယခုသင်တန်းကာလ၏ (၄)ရက်မြောက် နေ့တွင် ကွင်းဆင်းလေ့လာဆောင်ရွက်မှုအနေဖြင့် နေပြည်တော်ရှိ အစားအသောက်စက်ရုံနှင့် သောက်ရေသန့်စက်ရုံတို့အား လက်တွေ့ ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ပါတယ်။ ယခုလို စာတွေ့/လက်တွေ့

အနီးကပ်သင်ကြားပို့ချမှုတွေနဲ့ ကွင်းဆင်းလေ့လာ ဆောင်ရွက်မှုတွေကနေတစ်ဆင့် မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍအလိုက် စိတ်ပါဝင်စားစွာနဲ့ တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် တက်တက်ကြွကြွပါဝင်ဆွေးနွေးဖို့လည်း လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုသင်တန်းသို့ သင်တန်းပို့ချရန် တက်ရောက်လာကြတဲ့ သင်တန်းဆရာများနဲ့ သင်တန်းသား/သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် သင်တန်းမှ ပို့ချသင်ကြားပေးလိုက်သော အစားအသောက်ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာနှင့် ဓာတ်ခွဲပိုင်းဆိုင်ရာ အသိပညာများကို မိမိတို့ တာဝန်ကျရာ နေရာဒေသအသီးသီးရှိ လိုအပ်သည့်နေရာများတွင် အကျိုးရှိစွာ ပြန်လည်အသုံးချရန် လိုအပ်ကြောင်း၊ နောက်နောင်တွင်လည်း အစားအသောက်စစ်ဆေးရေးမှူးများ၏ လုပ်ငန်းပိုင်းဆိုင်ရာ အရည်အသွေးများ ပိုမိုတိုးတက်လာစေရန် ယခုကဲ့သို့ သင်တန်းများကို အချိန်အားလျော်စွာ ခေါ်ယူသင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုသင်တန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ WHO နှင့် Focal Persons အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။